KNU ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင်
ကော်သူးလေ

**အကြမ်းဖက်မြန်မာစစ်တပ်မှ ကရင်ပြည်သူလူထုအပေါ် ဆိုးရွားစွာသေစေနိုင်သောလေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မူတြော်ခရိုင်/ တပ်မဟာ ၅ ၏ ထုတ်ပြန်ကြေငြာချက်**

မတ်လ ၃၀ ရက်၊ ၂၀၂၁ ခုနှစ်

မတ်လ ၂၇၊ ၂၀၂၁ ည ဒေပူနိုကျေးရွာတွင် သေဆုံးသူ ၃ ဦး နှင့် အပြင်းအထန်ဒဏ်ရာ ၈ ဦး ရခဲ့သည် ဖြစ်စဉ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် ကရင်လူထုအရပ်သားများအပေါ်ဆိုးရွားစွာသေစေနိုင်သည့် ကြိမ်ဖန်များစွာသော လေကြောင်းတိုက်ခိုက်မှုများအပေါ် ကျွန်ုပ်တို့ပြင်းထန်စွာရှုတ်ချသည်။ နောက်ထပ်ဆက်တိုက်ဖြစ်ပေါ်လာသော စစ်သားနှင့်ပြည်သူကိုမခွဲခြားပဲ ခြိုင်းတိုက်ခိုက်သော မြန်မာစစ်တပ်၏ ဗုံးကျဲတိုက်တိုက်မှုအား ကြောက်ရွံ့မှုများကြောင့်လူထု ၁၀,၀၀၀ ကျော်သည် တောထဲတွင် အကာကွယ်ယူရန် သို့မဟုတ် ထိုင်းနိုင်ငံတွင် ခိုလှုံရန် ထွက်ပြေးကြရသည်။ ပြည်သူလူထုနှင့်တိုင်းပြည်ကို အကာအကွယ်ပေးရန်ဆိုသော မြန်မာစစ်တပ်၏အပြုအမူသည် တရားမျှတမှုမရှိ၊ လက်ခံနိုင်ဖွယ်ရာမရှိပါ။ ညအချိန်တွင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့်ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ရန်၊ အန္တရာယ်ပြု ရန်နှင့် အကြမ်းဖက်ရန် တရားဝင်အကြောင်းပြချက်လုံးဝမရှိပါ။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် NCA ရှိနေသော်လည်း၊ မြန်မာစစ်တပ်သည် ကရင်ပြည်နယ်အတွင်းရှိ နယ်မြေအတော်များများတွင် စစ်တပ်အင်အားတိုးချဲ့မှုများကို လနှင့်ချီပြီး လုပ်ဆောင်နေမှုများကြောင့် ပြည်သူလူထုများအကြား ကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ မြန်မာစစ်တပ်ဘက်မှ စစ်တပ်အသုံးပြုရန်လမ်းများဖောက်လုပ်ခြင်း၊ တပ်များထပ်မံစေလွှတ်ခြင်း၊ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မောင်းသူမဲ့လေယာဉ် (Drones) များဖြင့်ပျံသန်း စောင့်ကြည့်မှုများ ပြုလုပ်နေခဲ့သည်။ ဇူလိုင် ၁၆ ရက် ၂၀၂၀ နေ့တွင် နော်မူနော်ကို သူမ၏နေအိမ်တွင် အလွန်ဆိုးဝါးစွာ ပစ်သတ်ခံခဲ့သည့်နည်းတူ မြန်မာစစ်တပ်မှ အရပ်သားပြည်သူ အများအပြားကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် NCA ကိုထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်လျှင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA မှမိမိတို့၏ နယ်မြေ၊ အုပ်ချုပ်ရေး နှင့် ပြည်သူလူထုအား အပြည့်အဝကာကွယ်စောင့်ရှောက်သွားမည်ဟု ဒီဇင်ဘာလ ၁ ရက်နေ့ ၂၀၂၀ ခုနှစ်တွင် ကြေငြာချက် ထုတ်ပြန်ခဲ့သည်မှာ လပေါင်းအနည်းငယ်ရှိခဲ့ပြီဖြစ်သည်။ NCA အတိုင်း လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါက မြန်မာ စစ်တပ်၏ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်းအပါအဝင် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ရှင်းလင်းစွာ ကျွန်ုပ်တို့ဖော်ပြခဲ့သည်။ ဒေသခံကရင်လူထုများမှလည်း မိမိတို့၏ ငြိမ်းချမ်းစွာနေထိုင်ခွင့်နှင့်တူ မြန်မာစစ်

တပ်အား မိမိတို့၏နယ်မြေဒေသများမှ အပြီးအပိုင်ထွက်ခွာသွားရန် ဆန္ဒပြတောင်းဆိုမှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း ကျေးရွာများအတွင်း မြန်မာစစ်တပ်၏ ထိုးစစ်များဆက်လက်ဖြစ်ပွားခဲ့သည်။ ဤအခြေအနေအတွင်းမှာပင် မကြာသေးမီက ထိုင်းနိုင်ငံမှတဆင့် မြန်မာစစ်တပ်သို့ ဆန်အိတ်များကို လျှို့ဝှက်တင်ပို့ခဲ့သောဖြစ်စဉ်မှာ အိမ်နီးချင်းကောင်း ထိုင်းနိုင်ငံနှင့် ကရင်လူထုများအကြား ထင်မြင်နားလည်မှုများလွဲမှားစေရန်အလို့ငှာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့သည့် လုပ်ရပ်တစ်ခုဖြစ်သည်။

မတ်လ ၂၇ ရက်မတိုင်ခင်၌ အာဏာသိမ်းစစ်တပ်၏သီးမူးထာစခန်းသည် အနီးအနားရှိကျေးရွာများထဲသို့ ရက်ပေါင်းများစွာ မကြာခဏ လက်နက်ကြီးများဆက်တိုက်ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသူရွာသားများသည် စိုးရိမ်ကြောက်ရွံ့စွာ ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ရွာသူရွာသားများ၏စိုးရိမ်ပူပန်မှုများကို အဆုံးသတ်ပေးရန် နှင့် ၎င်းတို့၏ လူမှုအသိုင်းအဝန်းထဲသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရန်အတွက် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်သည် သီးမူးထာစခန်းကို တက်သိမ်းရှင်းလင်းခဲ့ရခြင်းဖြစ်သည်။ အာဏာသိမ်းစစ်တပ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်ရေးသဘောတူစာချုပ် (NCA) ကို တန်ဘိုးထားလေးစားခြင်းမရှိခဲ့သလို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ သတိပေးမှုများနှင့် ကျွန်ုပ်တို့ လူထုကတောင်းဆိုသော စစ်ရေးလှုပ်ရှားမှုနှင့် တပ်စခန်းများရုတ်သိမ်းပေးရန်တောင်းဆိုမှုများကို အလေးထား စဉ်းစားလုပ်ဆောင်ပေးခဲ့ခြင်းမရှိပါ။

NCA လမ်းကြောင်းကနေတဆင့်သွားနေသော ရှေ့ဆက်ရန်မဖြစ်နိုင်တော့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဆုံးသတ်သည် မြန်မာတပ်မတော်၏ထိုးစစ်များသာဖြစ်သည်ကို ယခင်ကတည်းက ကျွန်ုပ်တို့ကြိုမြင်ခဲ့ပြီးသား ဖြစ်သည်။ ထို့ကြောင့် မြန်မာတပ်မတော်က ဂုဏ်ပြုကျင်းပလေ့ရှိသည့် မတ်လ ၂၇ ရက် တပ်မတော်နေ့တွင် ဖြစ်လာနိုင်သည့် အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန် ကျွန်ုပ်တို့၏တပ်များကို ကျွန်ုပ်တို့ကြိုတင် အသိပေးခဲ့သည်။ သီးမူထာစခန်းကျသည်ဖြစ်စေ မကျသည်ဖြစ်စေ လေယာဉ်ဖြင့်ဗုံးကျဲတိုက်ခိုက်ရန် အစီအစဉ်ရှင်းရှင်းလင်းလင်းရှိထားပြီးသားသော်လည်း မြန်မာတပ်မတော်သည် ကရင်ပြည်သူလူထုများနေထိုင်ရာနယ်မြေအပေါ် လေကြောင်းမှတဆင့် သေကြေပျက်စီးမှုများစေသည့် ဗုံးကျဲတိုက်ခိုက်မှုများဖြင့် တိုက်ခိုက်ခဲ့ပြီးနောက်၌ ထိုသို့ တိုက်ခိုက်ခြင်းသည် KNLA က NCA ကိုချိုးဖေါက်သောကြောင့်ပြုလုပ်ရခြင်းဖြစ်သည် KNLA အပေါ်အပြစ်ပုံချကာ သူတို့၏လုပ်ရပ်ကို အများအကောင်းမြင်အောင် လုပ်ဆောင်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခြင်းမှာ ကျွန်ုပ်တို့ဘိုးဘွားနယ်မြေအတွင်း ကျူးကျော်တပ်စွဲထားသော ၎င်းတို့၏စစ်စခန်း ၈၀ ထဲက တစ်ခုကို ကျွန်ုပ်တို့ရှင်းလင်းသိမ်းယူလိုက်ခြင်းအတွက် တုံ့ပြန်ခြင်းဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ ဤသည်မှာ ၎င်းတို့၏နည်းပရိယာယ်အသစ်မဟုတ်ပါ။ ဤသည်မှာ ၎င်းတို့အသုံးပြုနေကျ စစ်ရေးလှည့်ကွက်တစ်ခုဖြစ်ပြီး ကချင်လွတ်မြောက်ရေးတပ်မ တော် (KIA) နှင့် ရခိုင့်တပ်မတော် (AA) တို့ကိုတိုက်ခိုက်ရာတွင် ၎င်းတို့ကျင့်သုံးခဲ့သောနည်း ပရိယာယ်တစ်ခုလည်းဖြစ်သည်။ ယခုအချိန်တွင် မြန်မာတပ်မတော်၏ မြေပြင်တပ်များသည် အရပ်လေးမျက်နှာအဖက်ဖက်မှ ကျွန်ုပ်တို့၏ နယ်မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်လာလျှက်ရှိနေပြီး ဖြစ်သည်။

ဤအခြေအနေကြောင့် ကျွန်ုပ်တို့ပြည်သူလူထုတို့၏အသက်အိုးအိမ်လုံခြုံရေးအတွက် အလွန်စိုးရိမ်ပူပန်ရပါသည်။ ကျွန်ုပ်တို့၏နယ်မြေ၊ ကရင်လူထု၊ နှင့် ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကာကွယ်ရန်အတွက် တိုင်းပြည် အာဏာကို တရားမဝင်သိမ်းယူထားသော မြန်မာတပ်မတော်၏ရန်ကို ရင်ဆိုင်ခြင်းမှတပါး ကျွန်ုပ်တို့၌ အခြားရွေးချယ်စရာလမ်းမရှိတော့ပါ။ တော်ဝင်ထိုင်းအစိုးအရအပါအဝင် နိုင်ငံတကာအဖွဲ့အသိုင်းအဝန်းများအနေဖြင့် မြန်မာတပ်မတော်၏အပြင်းအထန်တိုက်ခိုက်မှုကြောင့် ကိုယ်လွတ်ရုန်းထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်သူလူထုများကို အကာကွယ်ပေးရန်နှင့် လူသားခြင်းစာနာထောက်ထားမှုအထောက်အပံ့များပေးရန် အနူးအညွတ် တောင်းဆိုပါသည်။

တိုင်းပြည်အာဏာကိုမတရားသိမ်းယူထားသော မြန်မာတပ်မတော်အား အသိအမှတ်မပြုရန်နှင့် ၎င်းတို့နှင့်လုပ်ဆောင်နေသည့် စစ်ရေးနှင့်စီးပွားရေးဆိုင်ရာရင်းနှီးဆက်ဆံမှုအားလုံးကို ရပ်တန့်ရန် နိုင်ငံတကာအသိုင်းအဝန်းအား ကျွန်ုပ်တို့တောင်းဆိုပါသည်။ ထို့ပြင် လူသားမျိုးနွယ်အားလုံးကိုဆန့်ကျင်သောပြစ်မှုကို မြောက်စေသည့် ပြည်သူလူထုအပေါ်လက်နက်ဖြင့်ပစ်ခတ်တိုက်ခတ်မှုများကို ချက်ချင်းရပ်တန့်ရန် နိုင်ငံတကာ အသိုင်းအဝန်းက ဖက်စစ်မြန်မာ့တပ်မတော်ကို ဖိအာပေးပါရန် တောင်းဆိုပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ မူတြော်ခရိုင်/ KNLA တပ်မဟာ ၅
ဆက်သွယ်ရန် - ပဒိုမန်းမန်း၊ ဖုန်း 087 943 8750